## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လူထုဗဟိုပြု စီမံကိန်း

# လူထုဗဟိုပြုစီမံကိန်းဝန်ထမ်းများနှင့် ကော်မတီဝင်များအတွက် ဆောင်ရန်၊ ရှောင်ရန် ကျင့်ဝတ်များ

ကော်မတီဝင်များ နားလည်သဘောပေါက်ပြီး လိုက်နာမည့်အကြောင်း လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။

### ဆောင်ရန်အချက်များ

၁။ မိမိအလုပ်အပေါ် ရိုးသားမှုနှင့် တာဝန်ယူမှု ရှိရမည်။

၂။ မိမိ၏ လုပ်ဆောင်ချက်တိုင်းကို ရပ်ရွာလူထုအား ပွင့်လင်းစွာ အသိပေးပါ။

၃။ မြန်မာနိုင်ငံ၏ ဥပဒေကို လိုက်နာပါ။

၄။ လူတိုင်း၏ အခွင့်အရေးကို လေးစားပါ။

၅။ ရပ်ရွာလူထုအားလုံးကို လေးစားပါ။ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များ၊ ဘာသာခြားများ၊ ဆင်းရဲသားများ လူမျိုးစုငယ်များအားလုံး တန်းတူ ပူးပေါင်းပါဝင်မှု ရှိပါစေ။



### ရှောင်ရန်အချက်များ


၁။ မည်သည့်လက်ဆောင်များ၊ လာဘ်လာဘငွေများကိုမျှ မယူရ။

၂။ စီမံကိန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများအား အတုအပပြုလုပ်ခြင်း၊ တင်ပြခြင်းများ မပြုလုပ်ရ။

၃။ မိမိ၏မိတ်ဆွေများ၊ ဆွေမျိုးများအား ကန်ထရိုက်လုပ်ငန်းများ ဆောင်ရွက်ရန် ချပေးခြင်း မပြုလုပ်ရ။

၄။ မိမိကိုယ်ကျိုးစီးပွားအတွက် စီမံကိန်း၏လုပ်ပိုင်ခွင့်အား တလွဲအသုံးချမှု မပြုရ။ စီမံကိန်း၏ ငွေကြေး၊ ပစ္စည်းကိရိယာများကိုလည်း ကိုယ်ကျိုးအတွက် မသုံးရ။

၅။ အသက် (၁၅) နှစ် မပြည့်သေးသော ကလေးငယ်များကို လုပ်ငန်းခွင်တွင် တာဝန်ပေးစေခိုင်းခြင်း မရှိစေရ။ လုပ်သားများ၏ လုပ်အားခများအား ခေါင်းပုံမဖြတ်ရ။



## ကျေးလက်လူထု အခြေပြု၊ ဖွံ့ဖြိုးမှုကို တို့ရှေးရှု



### အလွဲသုံးစားပြုမှုတွေကို ဘယ်လို အရေးယူမလဲ

- ငွေကြေး အလွဲသုံးစားပြုမှုတွေကို သိလျက်နှင့် မျက်ကွယ်ပြုထားခြင်းသည် စီမံကိန်း လုပ်ထုံးလုပ်နည်းကို ချိုးဖောက်ခြင်း ဖြစ်သည်။
- အလွဲသုံးစားပြုထားသည့် ကော်မတီဝင် တစ်ဦးတစ်ယောက်ကြောင့် ကျေးရွာ ထောက်ပံ့မှုများ ရပ်ဆိုင်းမည် မဟုတ်ပါ။
- ငွေကြေး အလွဲသုံးစားပြုသူသည် ယင်းငွေပမာဏကို အပြည့်အဝ ပြန်လည်ပေးလျော်ရမည် ဖြစ်ပြီး ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ရမည်။
- ပြန်လည် မပေးလျော်ပါက တည်ဆဲဥပဒေအရ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်သည်။

လူထုအနေနဲ့ စီမံကိန်းမှာ ပါဝင်သူတွေဟာ ဖော်ပြထားတဲ့အချက်တွေကို လိုက်နာမှုမရှိဘူးလို့ တွေ့ရင်ပဲဖြစ်ဖြစ်၊ လိမ်လည်တယ် ဒါမှမဟုတ် အလွဲသုံးစားလုပ်နေတယ်လို့ သံသယရှိရင်ပဲဖြစ်ဖြစ် ဝေဖန်အကြံပြုအစီအစဉ်ကိုသုံးပြီး အသိပေးဖို့ လိုပါတယ်။

**အကြံပြု တိုင်ကြားနိုင်သော ဖုန်းနံပါတ်များ** - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (နေပြည်တော်) ၀၆၇ ၄၁၈၆၂၄၊ ၀၉ ၃၀၆၆ ၇၇၁၁၊ ၀၉ ၃၀၆၆ ၇၇၂၂။